မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

April 6 , 2023 Volume 65, Number 4

၆.၄.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၂၄ US$ |
| မြန်မာ့ရွှေဈေး | = ၂၉၆၀၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၂၈၆၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၉၈.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၈၃.၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၁၈.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၃.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၅.၂၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၆၁၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၉.၈၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၇.၃၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၉၆၅ ကျပ် |

Source: CBM Rate, etrademyanmar.com

## CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

# မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာ ကိစ္စရပ်များနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေး



https://news-eleven.com/article/246727

မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် ပတ်သက်၍ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Vinay Kumar တို့ ဆွေးနွေးခဲ့ကြောင်း သိရသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Vinay Kumar တို့ ဧပြီ ၄ ရက်က နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ တွေ့ဆုံခဲ့ကြောင်း သိရသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-အိန္ဒိယနှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါတွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ ထို့ပြင် ယင်းနေ့၌ပင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Vinay Kumar တို့ နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံခဲ့ကြောင်း သိရသည်။

ထိုသို့တွေ့ဆုံရာတွင် ဘင်္ဂလားပင်လယ်အော် စီးပွားရေးနှင့်နည်းပညာဆိုင်ရာ ဘက်စုံပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်း Bengal Initiative for MultiSectoral Technical and Economic Coo-peration (BIMSTEC - ဘင်းစတက်) အပါအဝင် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် မြန်မာ - အိန္ဒိယနှစ်နိုင်ငံ၏ အခန်းကဏ္ဍ တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ နှစ်နိုင်ငံအကြားလယ်ယာကဏ္ဍဖွံ့ဖြိုးရေးဆိုင်ရာ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ သုတေသနနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာ - အိန္ဒိယနှစ်နိုင်ငံ၏ လယ်ယာထွက်ကုန်များ တင်သွင်းတင်ပို့ခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

ယင်းတွေ့ဆုံဆွေးနွေးပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**Source:** https://news-eleven.com/article/246727

## မြန်မာ-အိန္ဒိယ နှစ်နိုင်ငံကုန်သွယ်မှုတွင် ရူပီး/ကျပ် တိုက်ရိုက်ငွေပေးချေမှုစနစ် ဆောင်ရွက်မည်ဖြစ်ပြီး Punjab National Bank, India ကို မြန်မာဘဏ်များအတွက် Designated bank အဖြစ် သတ်မှတ်ထား

မြန်မာ-အိန္ဒိယ နှစ်နိုင်ငံကုန်သွယ်မှုတွင် ရူပီး/ကျပ် တိုက်ရိုက်ငွေပေးချေမှုစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်မည် ဖြစ်ပြီး Punjab National Bank, India ကို မြန်မာဘဏ်များအတွက် Designated bank အဖြစ် သတ်မှတ်ထားကြောင်း သိရသည်။

အိန္ဒိယ-မြန်မာ နှစ်နိုင်ငံကုန်သွယ်မှုတွင် ရူပီး/ကျပ် တိုက်ရိုက်အသုံးပြု ငွေပေးချေမှု အကောင်အထည်ဖော်မည့် လုပ်ထုံးလုပ်နည်းများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် အစိုးရဌာနများ၊ နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကဘဏ်များအကြားဆွေးနွေးပွဲကို ဧပြီ ၄ ရက်က မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များမှ တာဝန်ရှိသူ အကြီးအကဲများ တက်ရောက်ခဲ့ကြသည်။

မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့် နယ်စပ်ကုန်သွယ်မှုတွင် ယွမ်/ကျပ်နှင့် ဘတ်/ကျပ် ငွေကြေးတိုက်ရိုက်အသုံးပြုပေးချေရေးစနစ်များ အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ယခုအခါ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံကုန်သွယ်မှုတွင် ပြည်တွင်းငွေကြေးသုံးစွဲမှု တိုးမြှင့်ရန်အတွက် ရူပီး/ကျပ် တိုက်ရိုက် ငွေပေးချေမှုစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှဦးဆောင်၍ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နိုင်ငံပိုင်ဘဏ်များ၊State bank of indai နှင့် Punjab national Bank , Yangon Representative office တို့မှ ကိုယ်စားလှယ်များပါဝင်သည့် ရူပီး/ကျပ် တိုက်ရိုက်ငွေပေးချေမှုစနစ် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းလုပ်ငန်းကော်မတီနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးတို့ပူးပေါင်းပြီး မြန်မာ-အိန္ဒိယ နှစ်နိုင်ငံကြား ဆောင်ရွက်မည့် ရူပီး/ကျပ်ငွေပေးချေမှုစနစ် concept paper တစ်ရပ်ဖော်ထုတ်ခဲ့ပြီး အိန္ဒိယနိုင်ငံ ဗဟိုဘဏ် Reserve bank of india မှ သဘောတူပြီးဖြစ်ကြောင်း၊ Punjab National Bank, India ကို မြန်မာဘဏ်များအတွက် Special rupee vostro – SRV account လက်ခံ ဆောင်ရွက်ရမည့် designated bank အဖြစ်သတ်မှတ်ထားကြောင်း၊ အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ကုန်သွယ်မှုတွင် မြန်မာနိုင်ငံအနေဖြင့် အားသာချက်များရှိကြောင်းနှင့် နှစ်နိုင်ငံဗဟိုဘဏ်များ သဘောတူပြီးငွေပေးချေမှု ပုံစံနည်းလမ်းများကို ဆွေးနွေးခဲ့ရာ တက်ရောက်လာသည့် သက်ဆိုင်ရာအစိုးရဌာနများမှ အကြီးအကဲများ၊ ပုဂ္ဂလိကဘဏ် များမှတာဝန်ရှိသူများက ရူပီး/ကျပ် တိုက်ရိုက်ငွေပေးချေမှုစနစ် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက ရူပီး/ ကျပ် တိုက်ရိုက်ငွေပေးချေမှုစနစ် ဆောင် ရွက်ခြင်းတွင် နယ်စပ်ကုန်သွယ်မှုသာမက ပုံမှန်ကုန်သွယ်မှုအတွက်လည်း ထည့်သွင်းစဉ်းစားသွားမည် ဖြစ်ကြောင်း၊ ဘဏ်လုပ်ငန်းစနစ် လမ်းညွှန်ချက်နှင့်အတည်ပြုချက် ရရှိပါက ပို့ကုန်/သွင်းကုန် လုပ်ငန်းရှင်များထံသို့ ရူပီး/ကျပ် အကောင်အထည်ဖော်မှု အစီအစဉ်များ အသိပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**Source:** https://news-eleven.com/article/246695

## ၆၅-၃၅ % စတင်အသက်ဝင်သည့် မတ်လအတွင်း ဆန်နှင့်ဆန်ကွဲပြည်ပတင်ပို့မှု သိသိသာသာလျော့ကျ




https://greenwaymyanmar.com




https://greenwaymyanmar.com

ပြီးခဲ့တဲ့မတ်လအတွင်း ပြည်ပသို့ ဆန်နဲ့ဆန်ကွဲတင်ပို့မှုဟာ ၁၆၁၅၀၉ မက်ထရစ်တန်သာရှိခဲ့ပြီး ဖေဖော်ဝါရီ တင်ပို့မှုနဲ့ယှဉ်ရင် ၂၉၈၉၅ မက်ထရစ်တန် လျော့ကျသွားခဲ့တာဖြစ်တယ်လို့ မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်ရဲ့ ထုတ်ပြန်ချက်တွေအရ သိရပါတယ်။

၂၀၂၂ ဧပြီလကစလို့ ပြည်ပဆန်တင်ပို့မှုတွေ ပြန်လည်ပြုလုပ်ခဲ့ရာမှာ ယခုနှစ်အစ ဇန်နဝါရီလအတွင်းမှာတော့ ဆန်နဲ့ဆန်ကွဲ ပြည်ပတင်ပို့မှုဟာ ၂၆၈၈၃၅ မက်ထရစ်တန်အထိ မြင့်တက်ခဲ့ပြီး ၁၀ လအတွင်း အမြင့်ဆုံးထိ မြင့်တက်သွားခဲ့တာပါ။ ဒါပေမဲ့ ပြီးခဲ့တဲ့လကစလို့ တဖြည်းဖြည်း ပြန်ကျလာခဲ့ပြီး အခုလထဲမှာတော့ သိသိသာသာ လျော့ကျသွားတာ ဖြစ်ပါတယ်။

ပြည်ပဝင်ငွေအနေနဲ့တော့ ဖေဖော်ဝါရီလနဲ့ယှဉ်ရင် အမေရိကန်ဒေါ်လာ ၁၁ သန်းလျော့ကျသွားတယ်လို့ သိရပါတယ်။ အထူးသဖြင့် ပုံမှန်ဆို ဆန်ကော၊ ဆန်ကွဲကော အများဆုံးတင်ပို့နေကျနိုင်ငံဖြစ်တဲ့ တရုတ်နိုင်ငံဘက်ကို တင်ပို့မှု သိသိသာသာလျော့ကျသွားခဲ့တာဖြစ်ပြီး ဆန်ကော၊ ဆန်ကွဲကော ဒုတိယအများဆုံးသာတင်ပို့ရာနိုင်ငံ ဖြစ်သွားခဲ့ပါတယ်။

ဆန်အများဆုံးတင်ပို့ခဲ့တဲ့နိုင်ငံကတော့ ဖိလစ်ပိုင်နိုင်ငံဖြစ်ပြီး ဆန်ကွဲအများဆုံး တင်ပို့တဲ့နိုင်ငံကတော့ ဥရောပတိုက်က ဘယ်လ်ဂျီယံနိုင်ငံဖြစ်သွားတာပါ။ "ပို့ကုန်တင်ပို့ခြင်းနဲ့ပတ်သက်လို့ နယ်စပ်ကုန်သွယ်ရေးစခန်းများမှတဆင့် တစ်ဖက်နိုင်ငံသို့ ဆန်နှင့်ဆန်ထွက် ပစ္စည်းများတင်ပို့မှုမှရရှိသည့် နိုင်ငံခြားသုံးငွေ၏ ၆၅ ရာခိုင်နှုန်းကို ၂၀၂၃ ခုနှစ်၊ မတ်လ ၁ ရက် နေ့မှစတင်၍ ဗဟိုဘဏ်၏ညွှန်ကြားချက်များနှင့်အညီသတ်မှတ်နှုန်းထားများအတိုင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ရမည်ဖြစ်ပါသည်"ဆိုတဲ့ အကြောင်းအရာပါဝင်တဲ့ ကြေညာချက်တစ်ခုကို ကုန်သွယ်ရေးဦးစီးဌာနက ထုတ်ပြန်ထားတာဖြစ်ပါတယ်။

**Photos Crd_MRF**

https://greenwaymyanmar.com/posts/Rice_and_Broken_Rice_Export_Mar_2023

https://myantrade.gov.mm/article/Naypyitawstp_050420231255

## ကမ္ဘာ့ရွှေဈေး ၂၀၀၀ ကျော်အထိမြင့်တက်လာပြီး ရန်ကုန်ရွှေအသင်းရည်ညွှန်းဈေး (၂၄) သိန်း နီးပါးအထိမြင့်တက်လာ



Popular News Journal

လတ်တလောတွင် ကမ္ဘာ့ရွှေဈေးနှုန်းမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၂၀၀၀ ကျော်အထိ စံချိန်တင်မြင့်တက်လာပြီး အသင်း၏ရည်ညွှန်းဈေးနှုန်းမှာလည်း ၂၄ သိန်း နီးပါးအထိ ဈေးတင်သတ်မှတ်လာသည်ကို တွေ့ရသည်။

ယနေ့ ဧပြီလ (၅) ရက် ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ (၂၀၂၅) ဒေါ်လာဖြစ်ပြီး ရန်ကုန်ရွှေအသင်း၏ ရည်ညွှန်းဈေးနှုန်းမှာ အကယ်ဒမီ မီးလင်းရွှေ တစ်ကျပ်သားလျှင် ၂၃၈၅၇၀၀ ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရည်ညွှန်းဈေးနှုန်းမှာ ယမန်နေ့က ဈေးကွက်ပိတ်ချိန် သတ်မှတ်ခဲ့သည့် ရည်ညွှန်းဈေး ၂၃၃၅၀၀၀ နှင့် နှိုင်းယှဉ်ပါက ၅၀၀၀၀ ခန့် မြင်တက်လာခြင်းဖြစ်သည်။ ပြီးခဲ့သည့် လကုန်ပိုင်းက ကမ္ဘာ့ရွှေဈေးနှုန်း ပြန်လည်ကျဆင်းခဲ့သည့်အတွက် ဆက်လက်ကျဆင်းနိုင်ကြောင်း ခန့်မှန်းမှုများရှိခဲ့သော်လည်း လက်တွေ့တွင် ကမ္ဘာ့ရွှေဈေးနှုန်းမှာ ထပ်မံမြင့်တက်လာခြင်းလည်း ဖြစ်သည်။

အကယ်၍ ကမ္ဘာ့ရွှေဈေးနှုန်းကျဆင်းခဲ့ပါက လာမည့် သင်္ကြန်ကာလအတွင်း မြန်မာ့ရွှေဈေးနှုန်းပါ လိုက်ကျလာနိုင်ကြောင်း ခန့်မှန်းမှုများရှိခဲ့သော်လည်း လက်ရှိတွင် (၂၉) သိန်းအထက်၌သာ ဆက်လက်ရပ်တည်နေဆဲဖြစ်ကြောင်း ရန်ကုန်ရွှေဈေးကွက် အတွင်းမှသိရသည်။

ကမ္ဘာ့ရွှေဈေး အတက်အကျ ဂယက်ကြောင့် ပြည်တွင်းရွှေဈေး အလှုပ်အခတ်အနည်းငယ်ရှိနေသော်လည်း ပြည်တွင်း ရွှေဈေးကွက်တွင် အရောင်းအဝယ်အေးလျက်ရှိနေကြောင်းလည်း ရွှေလုပ်ငန်းလုပ်ကိုင်သူများထံမှ သိရသည်။

ယနေ့ ဧပြီလ (၅) ရက် ရန်ကုန်ဈေးကွက်အတွင်း အရောင်းအဝယ်ပြုလုပ်သည့် ပြည်တွင်းရွှေဈေးနှုန်းမှာ အခေါက်ရွှေ တစ်ကျပ်သားလျှင် ၂၉၆၀၀၀၀ ကျပ် ဝန်းကျင်ဖြစ်ကြောင်း သိရသည်။

**Source: Popular News Journal**

## ဈေးကျနေသည့်ပြောင်း ဘတ်ဈေးနှင့်ငွေလဲနှုန်း တက်လာသောကြောင့် ဈေးပြန်တက်လာ




ဘတ်ဈေးနှင့် ငွေလဲနှုန်းတက်လာသည့်အတွက် ပြောင်းဈေးပါ လိုက်လံမြင့်တက်လာကြောင်း ကုန်သည်များထံမှ သိရသည်။

လက်ရှိတွင် ပြောင်းကို မြဝတီနယ်စပ်ကုန်သွယ်ရေးမှ တစ်ဆင့်ထိုင်းနိုင်ငံသို့ အဓိကထား တင်ပို့နေခြင်းဖြစ်ပြီး ထိုင်းနိုင်ငံတွင် ပြောင်းဈေးတက်နေသည့် အပြင် မြန်မာငွေဈေးကျကာ ထိုင်းဘတ်ငွေ မြင့်တက်နေသည့်အတွက် ပြည်တွင်းပြောင်းဈေးမှာ မြင့်တက်လာခြင်း ဖြစ်သည်။

"ပြောင်းဈေး တက်လာပါတယ်။ အဓိက သုံးချက်ကြောင့် ဈေးတက်လာတာ။နံပါတ်တစ် ထိုင်းနိုင်ငံမှာလဲ ပြောင်းဈေးတက်နေတယ်။ ငွေလဲနှုန်းလဲ တက်နေတယ်။နောက်ပြီး ထိုင်းက ဝယ်လိုအားများနေတယ် ။ ဒါကြောင့် ဈေးတက်လာတယ် " ဟု မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းအသင်း ဂုဏ်ထူးဆောင် နာယက ဦးမင်းခိုင်ထံမှ သိရသည်။

ပြီးခဲ့သည့် လ က ရန်ကုန်ဈေး ပြောင်း တစ်ပိဿာလျှင် ၁၁၇၀ ကျပ်သာ ရှိခဲ့ ပြီး လက်ရှိ ပြောင်းတစ်ပိဿာလျှင် ၁၂၀၀ ကျော်ထိတက်လာကြောင်းသိရသည်။ ထို့အပြင် ထိုင်းနိုင်ငံတွင် ပြောင်း ၁၅ ကီလို တစ်ပုံးလျှင် ၁၇၀ ဘတ်ကျော်ထိ ပေါက်ဈေးရှိနေကြောင်း သိရသည်။ "ထိုင်းနိုင်ငံမှာက ၁၅ ကီလို တစ်ပုံးကို ၁၇၀ ကျော်တယ်။ ဒါပေမဲ့ တိတိကျကျမရှိဘူး။ ကြိုက်ဈေးနဲ့ ရောင်းတာများတယ်။ နောက်ပြီး မြဝတီမှာ မြန်မာငွေနဲ့ ရောင်းနေတာတွေလည်းရှိတယ် ။အပြင်ဈေးဆိုပြီး ဈေးသပ်သပ်ရှိတယ် " ဟု ပြောင်း exporter တစ်ဦး ကပြောသည်။

ပြီးခဲ့နှစ်က မြဝတီသို့ ပြောင်းတန်ချိန် သုံးသိန်းထိ တင်ပို့နိုင်ခဲ့ကြောင်းသိရပြီး ယခုနှစ် မြဝတီသို့ ပြောင်းတင်ပို့မှု မှာ ပြီးခဲ့သည့် နှစ်ကာလတူနှင့် ယှဉ်ပါက တင်ပို့မှုမှာ လျော့ကျနေကြောင်း သိရသည်။ ထိုင်းနိုင်ငံသို့ နယ်စပ်မှ ပြောင်းတင်ပို့မည်ဆိုပါက တင်ပို့မည့် ကားနံပါတ် ၊ ကားအမျိုးစား ၊ဘယ်ဂိုဒေါင်မှ တန်ချိန်ဘယ်လောက်ဖြင့် မည်သည့်နယ်စပ်ဂိတ်ကို ဖြတ်မည်စသော အချက်အလက်များကို တင်ပြနေရပြီး တင်ပို့ခွင့်ပြန်ကျလာမှသာ တင်ပို့ခွင့်ရမည်ဖြစ်သောကြောင့် ကားငှါးရသည့်ရက်ကြာမြင့်ကာ ကုန်ကျစရိတ်များနေကြောင်း ကုန်သည်တချို့ထံမှသိရသည်။

ပြီးခဲ့သည့်လက မြဝတီနယ်စပ်မှတဆင့် တင်ပို့ရာတွင် ထပ်တိုးမူဝါဒများကြောင့် ဈေးကွက်မတည်ငြိမ်ဖြစ်ကာ ပြည်တွင်းပြောင်းဈေးနှုန်းများ ကျဆင်းခဲ့ခြင်းဖြစ်သည်။ ပြည်တွင်းမှ ပြောင်းစေ့များကို ထိုင်းနိုင်ငံသို့ အကောက်ခွန်သက်သာခွင့် သုညရာခိုင်နှုန်းဖြင့် တင်သွင်းခွင့် ပေးထားခြင်းဖြစ်ကြောင်း သိရသည်။

နှစ်စဉ် ပြည်တွင်းမှာ စိုက်ပျိုးထုတ်လုပ်သည့် ပြောင်းတန်ချိန် တစ်နှစ်ကို ၂ သန်းခွဲဝန်းကျင်ရှိကြောင်း သိရပြီး ထိုင်းနှင့်တရုတ်သို့ အဓိကတင်ပို့ကာ ပင်လယ်ရေကြောင်းမှတဆင့် normal trade အနေဖြင့် အိန္ဒိယနှင့် ဗီယမ်နမ်ဘက်သို့ အနည်းငယ်သာ တင်ပို့နေကြောင်းလည်း သိရသည်။

**(AMIA)**

**Source: https://t.me/htwettoe**

## ဘီလပ်မြေတင် အိန္ဒိယသင်္ဘော စစ်တွေဆိပ်ကမ်းသို့ မကြာမီ စမ်းသပ်ဆိုက်ကပ်မည်

အိန္ဒိယအစိုးရ ကျောထောက်နောက်ခံပြု ကုလားတန်ဘက်စုံသုံး သယ်ယူပို့ဆောင်ရေးစီမံကိန်းရဲ့ တစ်စိတ်တစ်ပိုင်းဖြစ်တဲ့ စစ်တွေဆိပ်ကမ်းကို အိန္ဒိယကုန်တင်သင်္ဘောတစ်စင်း မကြာမီ စမ်းသပ်ဆိုက်ကပ်သွားမယ်လို့ အိန္ဒိယသတင်းဌာနတွေက ဖော်ပြကြပါတယ်။

“စစ်တွေဆိပ်ကမ်းကို နှစ်ရှည်လများ စောင့်ကြိုနေတဲ့ စမ်းသပ်ပြေးဆွဲမှုအဖြစ် ယခုလမှာ ဘိလပ်မြေတန်ချိန် ၃၀၀၀ တင်ဆောင်လာမယ့် အိန္ဒိယကုန်တင်သင်္ဘော ဆိုက်ကပ်သွားမယ်”လို့ ကာလကတ္တားဆိပ်ကမ်း (SPM) အာဏာပိုင်က ပြောပါတယ်။

စစ်တွေဆိပ်ကမ်းက ကုလားတန်မြစ်ဝမှာတည်ရှိပြီး အိန္ဒိယနိုင်ငံရဲ့ ကုန်းတွင်းပိတ် အရှေ့မြောက်ပိုင်း ပြည်နယ်များအတွက် ရွေးချယ်စရာ နောက်ထပ်ရေလမ်းကြောင်းတစ်ခုအဖြစ် ပံ့ပိုးပေးမှာပါ။

ဆိပ်ကမ်းသစ်ကို ဇန်နဝါရီလအတွင်း ဖွင့်လှစ်နိုင်ဖို့ ကုန်သည်အများစုက မျှော်လင့်နေခဲ့ကြပြီး ဖွင့်လှစ်ပြီးပါက စစ်တွေဆိပ်ကမ်းနဲ့ ကာလကတ္တားဆိပ်ကမ်းကို တန်ချိန် ၅၀၀၀-၆၀၀၀ သင်္ဘောတွေ ပြေးဆွဲနိုင်မှာလည်း ဖြစ်ပါတယ်။

“မီဇိုရမ်ပြည်နယ်နဲ့ အခြားပြည်နယ်တွေက ဒီစီမံကိန်းကနေ ကြီးမားတဲ့ အကျိုးအမြတ်တွေ ရလိမ့်မယ်။ မြန်မာဘက်ခြမ်းမှာ လမ်းဖောက်လုပ်မှု ပြဿနာအနည်းငယ်တော့ ရှိနေတယ်”လို့ အိန္ဒိယဆိပ်ကမ်းဝန်ကြီး Sonowal က ပြောကြားထားပါတယ်။

ဆိပ်ကမ်းဖွင့်လှစ်ပြီးပါက အိန္ဒိယ-မြန်မာနှစ်နိုင်ငံအကြား ကုန်သွယ်မှုကို ကိုင်တွယ်ဖြေရှင်းဖို့ သင်္ဘောလိုင်းတစ်ခု ထူထောင်နိုင်ရေး နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်တွေနဲ့ တာဝန်ရှိသူတွေ ဆွေးနွေးထားပြီး အပတ်စဉ် ဒါမှမဟုတ် လစဉ် ပြေးဆွဲနိုင်ရေး ရည်ရွယ်ထားပါတယ်။

စစ်တွေဆိပ်ကမ်းအပါအဝင် ပလက်ဝကုန်းတွင်းဆိပ်ကမ်း၊ ကုလားတန်မြစ်ကူးတံတား၊ ပလက်ဝ-မီဇိုရမ် ကားလမ်းတွေ ပါဝင်တဲ့ ကုလားတန်စီမံကိန်းကို ၂၀၀၈ ခုနှစ်မှာ တရားဝင်စတင်ခဲ့ပြီး အိန္ဒိယအရှေ့မြောက် ကုန်းတွင်းပိတ်ဒေသအတွက် ရေကြောင်းကုန်သွယ်ရေးလမ်းအဖြစ် အသုံးပြုနိုင်ဖို့ ဒီဇိုင်းရေးဆွဲထားကာ အမေရိကန်ဒေါ်လာသန်း (၅၀၀) နီးပါး ရင်းနှီးမြှုပ်နှံထားပါတယ်။

**Source: BETV Business**

## STOCK EXCHANGE (6.4.2023)

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 6th Apr. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,737 (Shares) | 18,325,800 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 267 | 2,136,000 | 33,109,694 | 264,878 |
| MTSH | 00002 | 3,000 | -50 | -1.64% | 3,050 | 3,050 | 3,000 | 4,326 | 13,030,000 | 38,929,150 | 116,788 |
| MCB | 00003 | 7,500 | +200 | +2.74% | 7,400 | 7,500 | 7,400 | 6 | 44,900 | 10,400,986 | 78,007 |
| FPB | 00004 | 1,450 | -50 | -3.33% | 1,500 | 1,500 | 1,450 | 2,131 | 3,096,500 | 29,664,613 | 43,014 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 1 | 2,500 | 12,823,224 | 32,058 |
| EFR | 00006 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 6 | 15,900 | 19,977,223 | 52,940 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 0 | 0 | 10,497,598 | 52,488 |

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 6th Apr. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 363.30 | -0.77 | -0.21% | 364.66 | 364.66 | 363.30 | 6,737 | 18,325,800 | 7 | 640,173 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 6th Apr. 2023

| Trading Volume | Trading Value |
|---|---|
| 6,737 (Shares) | 18,325,800 (MMK) |

## Main Board

As of 1:00 pm, 6th Apr. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,737 (Shares) | 18,325,800 (MMK) |

| MYANPIX | 363.30 ▼ 0.77 |
|---|---|
| Total Volume (shares) | 6,737 |
| Total Value (MMK) | 18 mil |
| Listed Company | 7 |
| Market Cap. (MMK) | 640,173 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,000 | ▲ 0 |
| MTSH | 00002 | 3,000 | ▼ 50 |
| MCB | 00003 | 7,500 | ▲ 200 |
| FPB | 00004 | 1,450 | ▼ 50 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 2,650 | ▲ 0 |
| AMATA | 00007 | 5,000 | ▲ 0 |